# ခေါင်းဆောင်များအတွက် ဆုံးဖြတ်ချက်

## နိဒါန်း

## အခက်ခဲဆုံး၊ ထို့ကြောင့် တန်ဖိုးအရှိဆုံး

ကျွန်ုပ်တို့သိကြပါသည်။ ဆုံးဖြတ်ချက်တစ်ခုသည် လူတစ်ယောက်၏ဘဝကို ပြောင်းလဲစေနိုင်သည်။ ခေါင်းဆောင်တစ်ယောက်၏ဆုံးဖြတ်ချက်သည် အဖွဲ့အစည်း၏ကံကြမ္မာကို ပြဋ္ဌာန်းနိုင်သည်။ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်၏ ဆုံးဖြတ်ချက်သည် ငွေကြေးပမာဏ မြောက်မြားစွာ ထိုက်တန်သည်။ သို့ရာတွင် ထိုဆုံးဖြတ်သူများသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်ကို နည်းလမ်းတကျ နားလည်တတ်ကျွမ်းကြပါသလားဟုမေးလျှင် နားလည်တတ်ကျွမ်းသူ အနည်းအကျဉ်းသာရှိကြောင်း တွေ့ရပေလိမ့်မည်။ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ လုပ်ငန်းပညာရှင်များသည် ယင်းအတတ်ပညာများကို ဆယ်စုနှစ် နှစ်ခုစာမျှ သင်ကြားခဲ့ကြရပါသည်။ ခေါင်းဆောင်များသည် ကြမ်းတမ်းခက်ခဲသော ဘဝအတွေ့အကြုံများကို နှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ကြရသည်။ သူတို့သည် ဆုံးဖြတ်ချက်ချခြင်း အတတ်ပညာအတွက် အချိန်မည်မျှပေး၍ သင်ယူခဲ့ကြပါသနည်း။ ခေါင်းဆောင်အချို့သည် ဆုံးဖြတ်ချက်ချခြင်းနှင့်ပတ်သက်၍ အနည်းအကျဉ်းသာ သင်ယူခဲ့ကြရသေးသည်ဟုသာ ပြောနိုင်ပါသည်။

ဤစာအုပ်သည် လူ့လောကနယ်ပယ်အသီးသီးတွင် တွေ့ကြုံနေရသည့် အထက်ပါချွတ်ယွင်းမှုကို ပြုပြင်ပြောင်းလဲနိုင်ရန်တွက် အတတ်နိုင်ဆုံး ကြိုးစားအားထုတ်ထားပါသည်။ အားကစားသမားတစ်ဦးချင်း အားနည်းချက်တစ်ခုချင်းကို ကျွမ်းကျင်သောနည်းစနစ်မှူးက စိတ်ရှည်လက်ရှည် စနစ်တကျပြုပြင်ပေးခြင်းဖြင့် အားကစားသမား၏စံချိန်ကို မလွဲမသွေမြှင့်တင်ပေးနိုင်သကဲ့သို့ ဤစာအုပ်သည် ဆုံးဖြတ်ချက်ချမှတ်ရာ၌ မှားယွင်းတတ်သော အကျင့်များကို နမူနာပုံစံများနှင့်တကွ တစ်ချက်ချင်း ထောက်ပြထားပြီး ရှောင်ရှားပြုပြင်သွားရမည့် နည်းလမ်းများပါ ရှင်းလင်းတင်ပြထားသောကြောင့် စာဖတ်သူများ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ အရည်အသွေးကို ကျိန်းသေတိုးတက်လာမည်ဟု ကျွန်ုပ်အာမခံနိုင်ပါသည်။

သို့ရာတွင် "ငါကြားတာကို ငါမေ့တယ်၊ ငါမြင်တာကို ငါမှတ်မိတယ်၊ ငါလုပ်တာကို ငါသိတယ်" ဟူသော တရုတ်ရှေးရိုးစကားပုံတစ်ခုကဲ့သို့ပင် ဤစာအုပ်ကို ဖတ်ရှုရုံဖြင့် အကျိုးကျေးဇူးအနည်းငယ်သာ ရရှိနိုင်ပါမည်။ လက်တွေ့စံချိန်မြှင့်တင်မှုအတွက် အားကစားနည်းစနစ် စာအုပ်များ ဖတ်ရှုရုံဖြင့် အကျိုးမများလှသကဲ့သို့ပင် ဖြစ်ပါသည်။ အကယ်စင်စစ် ဤစာအုပ်ပါ အချက်များသည် ဆုံးဖြတ်ချက်ချရမည့် မည်သူ့အတွက်မဆို အထောက်အကူပြုနိုင်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဌာနဆိုင်ရာ ဝန်ထမ်းအကြီးအကဲများ၊ ထိပ်တန်းလုပ်ငန်းရှင်ကြီးများ၊ တရားရေးဝန်ထမ်းများ၊ စီမံကိန်းရေးဆွဲကြသူများ၊ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ စစ်ဘက်အရာရှိများ အပါအဝင် ဆုံးဖြတ်ချက်ချရခြင်းအလုပ်ကို ဝန်ထုပ်ဝန်ပိုးကြီးကဲ့သို့ ထမ်းဆောင်နေကြရသူများသည် ဤစာအုပ်ပါ အကြံပေးချက်များကို လက်တွေ့လိုက်နာကျင့်သုံးသွားကြမည်ဆိုလျှင် ရုတ်တရက် ချက်ချင်းပင် ထူးထူးခြားခြား အကျိုးကျေးဇူးခံစားကြရနိုင်ပါသည်။ ၁၈၀၄ ခုနှစ်က နပိုလီယံ၏ အဆိုအမိန့်တစ်ခုတွင် "ဆုံးဖြတ်ချက်ချခြင်းထက် ပို၍ ခက်ခဲသော အလုပ်

မရှိပါ”ဟူ၍ ဖော်ပြထားပါသည်။ ထိုမျှခက်ခဲသော၊ ထိုမျှတန်ဖိုးရှိသော ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့သည် နည်းလမ်းတကျ မှန်ကန်တိကျစွာ ချမှတ်လိုကြသည်ဆိုပါလျှင် အခန်းအားလုံးကို နှစ်ကြိမ်စီ ဖတ်ရှုလေ့လာသွားကြရန် တိုက်တွန်းလိုပါသည်။ ထိုသို့ ဖတ်ရှုလေ့လာရာတွင် “စဉ်းစားတွေးခေါ်မှုမရှိဘဲ ဖတ်ရှုလေ့လာခြင်းသည် အကျိုးမရှိ၊ ဖတ်ရှုလေ့လာခြင်းမရှိဘဲ စဉ်းစားတွေးခေါ်ခြင်းသည် အန္တရာယ်များ၏”ဟူသော ကွန်ဖြူးရှပ်၏ အယူအဆကိုလည်း အမှတ်ရကြစေလိုပါသည်။